# အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲ ရွှေဘိုမြို့၌ ကျင်းပ



ပြည်ထောင်စုမြန်မာနိုင်ငံ၊ အမျိုးသားနိုင်ငံရေးအင်အားစုများအဖွဲ့မှ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားရေးလှုပ်ရှားမှု(၂၀၀၇)တို့နှင့် ပတ်သက်၍ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ၂၀၀၇ ခုနှစ်၊ ဇွန်လ(၇)ရက် (ကြာသပတေး)နေ့ နံနက်(၈း၃၀)နာရီအချိန်က ရွှေဘိုမြို့ မြို့ထောင့်စေတီ ခြေတော်ရင်း ဇာတ်ရုံ၌ကျင်းပရာ အမျိုးသားနိုင်ငံရေးအင်အားစု အဖွဲ့ခေါင်းဆောင်များ၊ ရွှေဘိုခရိုင်မှ မြို့မိမြို့ဖများ၊ စိတ်ပါဝင်စားသူများ၊ စာနယ်ဇင်းများမှ အယ်ဒီတာများနှင့် သတင်းထောက်များ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။





ဦးစွာ အခမ်းအနားမှူးဦးသန်းဦးက အခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာပြီး အမျိုးသားနိုင်ငံရေးအင်အားစု ခေါင်းဆောင်များနှင့် ပရိသတ်ကို မိတ်ဆက်ပေးသည်၊ ထို့နောက် အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ အထက်မြန်မာပြည်တာဝန်ခံ ဦးလှမြင့်က အသေးစိတ်ရှင်းလင်းပြောကြားသည်၊ ဆက်လက်၍ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ဒေါက်တာစိုးလင်း၊ အမျိုးသား နိုင်ငံရေးလူငယ် NLD (မြန်မာနိုင်ငံ) မှ ကိုဝင်းဇော်၊ မန္တလေးတိုင်း နုတ်ထွက် NLD များကိုယ်စား ဒေါ်နန်းရွှေကြာ၊ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) မှ အမျိုးသားရေးဦးစီးကော်မတီ ဒုတိယဥက္ကဌ ကိုရဲထွန်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်း၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစုမှ ဦးအုန်းလွင်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှု ကျောင်းတော်သားစုမှ ဦးလှမြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် အဖွဲ့မှ ဦးသိန်းကြည်၊ ဒီမို NLD (စစ်ကိုင်းတိုင်း)မှ ဦးဘိုမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်း ကော်မတီ (အောက်မြန်မာပြည်)တာဝန်ခံ ကိုအေးလွင်တို့က မိမိတို့ဆောင်ရွက်နေကြသည့် အမျိုးသားရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ အကိုးအကား အထောက်အထားများ ဥပမာများဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ ပြည်တွင်းဂျာနယ်အသီးသီးမှ အယ်ဒီတာ၊ အယ်ဒီတာချုပ်နှင့် သတင်းထောက်များက သိလိုသည်များအား မေးမြန်းကြရာ အမျိုးသားနိုင်ငံရေးအင်အားစု ခေါင်းဆောင်များက ပြန်လည်ဖြေရှင်းပြောကြားပြီး အခမ်းအနားကို ၁၁း၀၀ နာရီအချိန်တွင် ရုတ်သိမ်းခဲ့ကြသည်။

